MYANMA AGRICULTURAL & GENERAL DEVELOPMENT PUBLIC CO., LTD.

MAGDPL
MYANMA AGRICULTURAL& GENERAL DEVELOPMENT PUBLIC CO., LTD

Shwe Zabu River View Complex, 23G-1, No. 3-B, Tower A & C,
Ground Floor, Strand Road, Ahlone Township, Yangon, Myanmar.
Tel : +95-1-2301781 Fax: +95-1-2301778 E-mail : info@magdpl.com

**MAGDPL၏ အစုရှယ်ယာများအား ခွဲခြမ်းခြင်း (Share Split) ပြုလုပ်မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ခြင်း**

ရက်စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၁၁) ရက်။

၁။ MAGDPL (YSX Symbol: MADPL) ၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၄-ခုနှစ်၊ နိုဝင်ဘာလ၊ (၂၇)ရက် (Record Date) နေ့ရှိ အစုရှယ်ယာရှင်စာရင်း၏ အစုရှယ်ယာများအား ခွဲခြမ်းခြင်း (Share Split) ပြုလုပ်သွားရန် အဆိုပြုချက်အား ၂၀၂၄-ခုနှစ်၊ နိုဝင်ဘာလ၊ (၁၀)ရက်နေ့တွင် ကျင်းပပြီးခဲ့သော MAGDPL ၏ အထူးအထွေထွေ အစည်းအဝေးနှင့် ကောဒသယမအကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် တင်ပြခဲ့ရာ အစုရှယ်ယာရှင်များက သဘောတူညီကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။

၂။ ရှယ်ယာခွဲခြမ်းခြင်း (Split) နှင့်စပ်လျဉ်း၍ အစုရှယ်ယာအရောင်းအဝယ်များ ရပ်ဆိုင်းထားခြင်း မရှိဘဲ ပုံမှန်အတိုင်း ရောင်းဝယ်ခြင်းအား ဆက်လက်ပြုလုပ်နိုင်မည် ဖြစ်ပါသည်။

၃။ အစုရှယ်ယာ ခွဲခြမ်းပြီးနောက် MAGDPL ၏ ထုတ်ဝေပြီးသော အစုရှယ်ယာ စုစုပေါင်းမှာ (၁,၀၀၆,၀၃၅) စု မှ (၁၀,၀၆၀,၃၅၀) စု သို့ လည်းကောင်း၊ အစုရှယ်ယာတစ်စုချင်းစီ၏ ကနဦး သတ်မှတ်တန်ဖိုး (Nominal Value) မှာလည်း ကျပ် ၁၀,၀၀၀/- (ကျပ်တစ်သောင်း) မှ ကျပ် ၁,၀၀၀/-(ကျပ်တစ်ထောင်) သို့ လည်းကောင်း ပြောင်းလဲသွားမည်ဖြစ်ပါသည်။

၄။ အထက်ပါကိစ္စနှင့် စပ်လျဉ်း၍ အရေးကြီးသော နေ့ရက်များအား အစုရှယ်ယာရှင်များအနေဖြင့် သိရှိနိုင်ပါရန် အောက်ပါအတိုင်း တင်ပြပါသည်။

| | |
|---|---|
| ရှယ်ယာအရောင်းအဝယ်ပြုလုပ်ရမည့်နောက်ဆုံးရက်<br>Last Day to Trade for pre-split shares | ၂၁-၁၁-၂၀၂၄ |
| ရှယ်ယာခွဲခြမ်းပြီးအခြေအနေဖြင့် အရောင်းအဝယ်ပြုလုပ်မည့်နေ့<br>Ex-Date (Effective Date) | ၂၂-၁၁-၂၀၂၄ |
| ရှယ်ယာခွဲခြမ်းပေးဝေရန် မှတ်တမ်းယူမည့်နေ့<br>R Date (Record Date for pre-split) | ၂၇-၁၁-၂၀၂၄ |
| ရှယ်ယာခွဲခြမ်းပေးဝေမည့်နေ့<br>R + 1 Date (Split Payable date) | ၂၈-၁၁-၂၀၂၄ |

၅။ ရန်ကုန်စတော့အိပ်ချိန်းမှ အစုရှယ်ယာရောင်းဝယ်မှုနှင့် ဆက်စပ်သည့်လုပ်ငန်းစဉ်များအား ဆက်လက် အသိပေး ကြေငြာသွားမည် ဖြစ်ပါသည်။

ဒေါက်တာမောင်မောင်အေး

မန်နေးဂျင်းဒါရိုက်တာ